**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်**

**ညွှန်ကြားချက်အမှတ် ၃/၂၀၂၀**
**၁၃၈၁ ပြည့်နှစ် တပေါင်းလဆန်း (၁၁) ရက်**
**(၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက် )**

**အာမခံအမျိုးအစားများ လုပ်ကိုင်ခွင့်ပြုခြင်း ညွှန်ကြားချက်**

၁။ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အာမခံအမျိုးအစားများ လုပ်ကိုင်ခွင့်ပြုခြင်း ဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**ရည်ရွယ်ချက်**

၂။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) အာမခံအမျိုးအစားများသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ ရည်ရွယ်ချက်များ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်၊
(ခ ) အာမခံပေါ်လစီပါ စည်းကမ်းချက်များသည် အာမခံထားလိုသူများနှင့် ကြားခံဆက်သွယ်ပေးသူများအတွက် ရှင်းလင်းမှုရှိစေရန်၊ မျှတမှုရှိစေရန်နှင့် အဓိပ္ပာယ်ကွဲလွဲမှုမရှိစေရန်၊
(ဂ) အာမခံပေါ်လစီ၏ ပရီမီယံနှုန်းထားနှင့် စည်ကမ်းချက်များကို အာမခံသင်္ချာပညာရပ်ဆိုင်ရာ တွက်ချက်မှုနှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်စေရန်။

**အာမခံအမျိုးအစားများ ခွင့်ပြုခြင်း**

၃။ (က) အာမခံ ကုမ္ပဏီများသည် အာမခံ အမျိုးအစားသစ်များကို ရောင်းချခြင်း သို့မဟုတ် ခွင့်ပြုပြီး အာမခံအမျိုးအစားများ၏ စည်းကမ်းချက်များကို ပြင်ဆင်ခြင်း ဆောင်ရွက်လိုပါက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရ မည်။ ခွင့်ပြု ချက်ရယူရာတွင် ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာနသို့ အောက်ပါတို့ကို ဖော်ပြလျှောက်ထားရမည်-
(၁) အာမခံပေါ်လစီ (မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ)

(၂) စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊
(၃) အတည်ပြုချက် (အပိုအကာအကွယ်များ)၊
(၄) ပရီမီယံနှုန်းထား အသေးစိတ်တွက်ချက်မှု၊
(၅) အာမခံပညာရပ်ဆိုင်ရာ သတ်မှတ်ချက်များ၊
(၆) အာမခံအကာအကွယ်တွင် အကျုံးမဝင်သည့်အချက်များ၊
(၇) ခန့်မှန်း ပရီမီယံနှုန်းထားနှင့် အရန်ငွေထားရှိရန် တွက်ချက်မှုများ၊
(၈) အာမခံဆိုင်ရာ အထွေထွေပြဌာန်းချက်များနှင့်
(၉) အခြားလိုအပ်သောသတင်းအချက်အလက်များ

(ခ) ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မတိုင်းမီ အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့က ခွင့်ပြုပြီးသည့် အာမခံအမျိုးအစားများကို အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့၏ (၉-၁-၂၀၂၀) ရက်စွဲပါစာအမှတ် FRD/IBRB (၂၃၂/၂၀၂၀) နှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအတွက်လိုအပ် သည်ဟု အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ဆုံးဖြတ်ပါက အဆိုပါအမျိုးအစား များနှင့် ပတ်သတ်၍ အခြားလိုအပ်သောသတင်းအချက်အလက်များကိုတောင်း ခံနိုင်သည်။

(ဂ) အာမခံကုမ္ပဏီက အာမခံအမျိုးအစားသစ်ထုတ်ဝေရန် လိုအပ်သည့် သတင်းအ ချက်အလက်များပြည့်စုံစွာဖြင့် လျှောက်ထားတင်ပြလာပါက ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် စတင်လက်ခံရရှိသည့် နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရ မည်။

၄။ အာမခံကုမ္ပဏီသည် အာမခံအမျိုးအစားသစ်ရောင်းချရန် သို့မဟုတ် ခွင့်ပြုပြီးအာမခံ အမျိုးအစားများကို ပြင်ဆင်ရန်ရှိပါက အာမခံပရီမီယံနှုန်းထားနှင့်စည်းကမ်းချက်များသည် အာမခံ သင်္ချာပညာရပ်ဆိုင်ရာတွက်ချက်မှုနှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ သတ်မှတ်ထားကြောင်း၊ အာမခံပေါ်လစီပါ စည်းကမ်းချက်များသည် အာမခံထား လိုသူများနှင့် ကြားခံဆက်သွယ်ပေးသူများအတွက် ရှင်းလင်းမှုရှိကြောင်း၊ မျှတမှုရှိကြောင်းနှင့် အဓိပ္ပာယ်ကွဲလွဲမှုမရှိကြောင်း ဖော်ပြလျက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနထံ သို့ လျှောက်ထားတင်ပြနိုင်သည်။

၅။ အာမခံကုမ္ပဏီသည် တစ်ကြိမ်လျှင် အာမခံအမျိုးအစားသစ်တစ်မျိုးကိုသာ တင်ပြလျှောက် ထားရမည်ဖြစ်ပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အာမခံအမျိုးအစားသစ်တစ်မျိုးကို အ တည်ပြုပြီးနောက် အာမခံကုမ္ပဏီသည် နောက်ထပ်အာမခံအမျိုးအစားသစ်တစ်မျိုးကို ထပ်မံ လျှောက်ထားရမည်။

၆။ အာမခံကုမ္ပဏီက တင်ပြလိုသည့် အာမခံအမျိုးအစားသစ်တစ်မျိုးသည် ၎င်းအတွက် အထူးအရေးပါပြီး လျှို့ဝှက်ထားလိုပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တိုက် ရိုက်တင်ပြလျှောက်ထားနိုင်သည်။ ထိုသို့တင်ပြလာသော အာမခံအမျိုးအစားသစ်များ အား ခွင့်ပြုရာတွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အပိုဒ် ၃ ပါ အာမခံ အမျိုး အစားသစ်များ ခွင့်ပြုခြင်းလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်သည်။

မောင်မောင်ဝင်း

ဥက္ကဋ္ဌ
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့